သင်ခန်းစာ (၁၂)

# Sex and Gender

လိင်ကွဲပြားမှုနှင့် လိင်ကွဲပြားမှုအပေါ်အခြေခံ၍ ခွဲခြားသည့်အမြင်များ

## **Objective** (ရည်ရွယ်ချက်)

– လိင်ကွဲပြားမှုနှင့် လိင်ကွဲပြားမှုအပေါ်အခြေခံ၍ ခွဲခြားသည့်အမြင်များကို ကွဲပြားစွာ သိရှိနားလည်စေရန်။

## **Activity** (လှုပ်ရှားမှု)

– သင်ပုန်းတဖက်တချက်တွင် အမျိုးသားနှင့် အမျိုးသမီးပုံများကပ်ထားပါ။ လူကြိုက်များသော မင်းသား မင်းသမီးပုံများလဲ ကပ်နိုင်သည်။
– သင်တန်းသားတယောက်ကို အရောင်မတူသော စာရွက်ပိုင်းနှစ်ခုစီပေးပါ။
– ပထမစာရွက်တွင် ယောကျ်ားဟုပြောလိုက်သည်နှင့် မိမိစိတ်ထဲတွင်ပေါ်လာသော ယောကျ်ား၏ အမူအယာ၊ စိတ်အနေအထား၊ အပြုအမူများကို ရေးသားခိုင်းပါ။
– ဒုတိယစာရွက်တွင် အမျိုးသမီးဟုပြောလိုက်သည်နှင့် မိမိစိတ်တွင်ပေါ်လာသော အမျိုးသမီး၏ အမူအယာ၊ စိတ်အနေအထား၊ အပြုအမူများကို ရေးသားခိုင်းပါ။

## **Discussion** (အပြန်အလှန်ဆွေးနွေးခြင်း)

- အားလုံးရေးပြီးပါက တဦးစီမိမိရေးထားသောစာရွက်များကို အုပ်စုကြီးရှေ့တွင် ထွက်ဖတ်၍ ရှင်းပြခိုင်းပါ။
- ကျန်သူများကို အာရုံစိုက်နားထောင်ရန် အားပေးပါ။ ထိုစာရွက်များကို ကျား၊ မအလိုက် သင်ပုန်းတွင် ကပ်ပေးပါ။
- အားလုံးပြီးပါက သင်ပုန်းတွင်ကပ်ထားသော စာရွက်များကို သင်တန်းသားများအား ဖတ်ရှုလေ့လာ စေပြီး မည်သည့်အချက်များသည် အမြဲတမ်းမမှန်နိုင်ဘူးလဲဟု သင်တန်းသားများအား စဉ်းစားဆွေးနွေးခိုင်းပါ။ အကယ်၍ စတင်ရန်ခက်ခဲနေပါက သင်တန်းပို့ချသူက စာရွက်တွင်ရေးသားထားသော အကြောင်းအရာ ထဲမှတခုကို ရွေး၍ လမ်းကြောင်းပေးနိုင်သည်။ ဥပမာ– အမျိုးသမီးများသည် စိတ်အပြောင်းအလဲမြန်သည် ဟူသောအချက်သည် အမြဲမှန်ပါသလားဆို၍ စတင်ပေးနိုင်သည်။
- သင်တန်းသားများ ဆွေးနွေးချက်များမှ အမြဲမမှန်ဘဲ နှစ်ဖက်စလုံးတွင်ဖြစ်နိုင်သောစာရွက်များကို ဟိုဖက် ဒီဖက် ပြောင်း၍ကပ်ပါ။
- ထိုကပ်ထားသော စာရွက်များထဲတွင် ဟိုဖက်ဒီဖက်ပြောင်း၍ မရသောစာရွက်များ ဘာကျန်သလဲဟု သင်တန်းသားများကို မေးပါ၊ အများအားဖြင့် ကလေးမွေးခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ကလေးနို့တိုက်ခြင်း တို့ဖြစ်လိမ့်မည်။ ထိုစာရွက်များကို သပ်သပ်ထားထားပါ။
- ထို့နောက် ပြောင်း၍ရသော စာရွက်များနှင့် ပြောင်း၍မရသောစာရွက်များ ဘာကွာခြားသလဲဟုမေး၍ သင်တန်းသားများကို ဆွေးနွေးခိုင်းပါ။ ထိုဆွေးနွေးချက်များကို သင်ပုန်းတွင်မှတ်တမ်းတင်ပါ။
- ထို့နောက် ပြောင်း၍ရသောစာရွက်များနှင့် ပြောင်း၍မရသောစာရွက်များကို ဘယ်လိုခေါ်ကြသလဲဆိုသည့် အကြောင်းဆွေးနွေးကြမည်ဖြစ်ကြောင်း ပြော၍ ဗဟုသုတများပေးပါ။ ထိုသို့ဗဟုသုတများပေးရာတွင် သင်တန်းပို့ချသူတယောက်ထဲက ဟောပြောသွားခြင်းမျိုးမဟုတ်ဘဲ သင်တန်းများထံမှ ဥပမာများ၊ အတွေ့

အကြံများကို ထုတ်ဖော်ပြောဆိုလာအောင် မေးခွန်းများမေး၍ သင်တန်းသားများပါဝင်လာအောင် လုပ်ဆောင်ရမည်။

## **Input** (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

### လိင်ကွဲပြားမှု **(Sex)**

လိင်ကွဲပြားမှု **(Sex)** ဆိုသည်မှာ –

- ခန္ဓာဗေဒအရ ဖွဲ့စည်းထားမှု ကွဲပြားခြင်းဖြစ်သည်၊
- တကမ္ဘာလုံးနှင့် အကျုံးဝင်သည်။
- အမြဲတစေမှန်ကန်မှု ရှိသည်။

**ဥပမာ –** အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးခြင်းလုပ်ဆောင်နိုင်ပြီး၊ အမျိုးသားများ ကိုယ်ဝန်ဆောင်၍မရပါ။ ထို့အတူ ခေတ်အဆက်ဆက် မှန်ကန်မှုပင်ဖြစ်သည်။ ဤအချက်များသည် ယခင်ကကပ်ထားသောစာရွက်များထဲက ပြောင်းလဲ၍မရသော စာရွက်များဖြစ်သည်။

## **Gender (**လိင်ကွဲပြားမှုအပေါ် ခွဲခြားသည့်အမြင်)

- ယဉ်ကျေးမှုတခုအတွင်းဖြစ်စေ၊ တခုနှင့်တခုအကြားတွင်ဖြစ်စေ ကွဲပြားမှုရှိသည်။
- တချိန်နှင့် တချိန်မတူညီပဲ ပြောင်းလဲသွားသည်။
- လူမှုရေး၊ စီးပွားရေးပေါ်တွင် သိသာစွာတည်မှီလျက်ရှိသည်။

**ဥပမာ –** ရင်သွေးနှင့်ပတ်သက်သော အရာများသည် အမျိုးသမီးများ၏ တာဝန်ဖြစ်သည်။ ခက်ခဲပင်ပန်းစွာလုပ်ရသော အလုပ်များသည် အမျိုးသားများ၏ တာဝန်ဖြစ်သည် ဟူ၍ သတ်မှတ်ထားချက်များဖြစ်ပါသည်။ ဟိုဖက်ဒီဖက်ပြောင်းလဲ၍ရသောစာရွက်များသည် ယခုသတ်မှတ်ချက်များဖြစ်သည်။ ယဉ်ကျေးမှုတခုနှင့်တခုမတူညီသော ကျားမအပေါ်သတ်မှတ်ချက်များ၊ ယဉ်ကျေးမှုတခုထဲမှာပင် ကွဲလွဲနေသောကျားမအပေါ်သတ်မှတ်ချက်သည် တချိန်နှင့် တချိန်မတူဘဲ ပြောင်းလဲနေလေ့ရှိသည်။ သင်တန်းသားများ၏ လက်တွေ့ဘဝတွင် ဘယ်လိုသတ်မှတ်ချက်များရှိပြီး ဘယ်လိုပြောင်းလဲမှုများရှိကြောင်း ဆွေးနွေးရန် မေးခွန်းမေး၍ ဆွေးနွေးခိုင်းပါ။

### ကမ္ဘာဦးခေတ် မိခင်အုပ်စိုးသောကာလ **(Women Era)**

ကမ္ဘာဦးအစ၌ ကမ္ဘာကြီးတွင် မိခင်အုပ်စိုးသောကာလရှိခဲ့ဖူးသည်။ လူ့အဖွဲ့အစည်းတခုလုံး၏ အုပ်ချုပ်မှု ယန္တရားများအားလုံးကို အမျိုးသမီးများက ဆောင်ရွက်ခဲ့သည်။ ထိုအချိန်၌ ငြိမ်းချမ်းပြီး စစ်ပွဲများမရှိခြင်း၊ အစားအစာများပေါ်ကွယ်ဝခြင်းကြောင့် လူများ၏စိတ်တွင်ပိုင်ဆိုင်လိုမှုများမရှိဘဲ အလွန်သာယာခဲ့သည်။ ထိုစဉ်က အမျိုးသမီးတဦး အပျိုဖော်ဝင်လျှင် ပျော်ပွဲရွှင်ပွဲများပြုလုပ်၍ လူ့အဖွဲ့အစည်း၏ မိခင်လောင်းတယောက်အဖြစ် ဂိုဏ်းဝန်းကြိုဆိုခဲ့ကြသည်။

နောက်ပိုင်းတွင် ကမ္ဘာကြီး၌မိုးခေါင်ရေရှားဖြစ်လာပြီး အစာရေစာများရှားပါးလာသောကြောင့် အဝေးရှိ တောတောင်ကိုသွား၍ အစားအစာများ သွားရောက်ရှာဖွေခဲ့ကြရသည်။ ထိုအခါ အမျိုးသမီးများသည် ခန္ဓာဗေဒ တည်ဆောက်ပုံအရ ကိုယ်ဝန်ဆောင်နေရခြင်း၊ ကလေးမွေးနို့တိုက်ရခြင်းများကြောင့် ၎င်းအလုပ်ကို လုပ်ဆောင်ရန်အတွက် အခက်အခဲများရှိလာပြီး အမျိုးသားများက အဓိကသွားရောက်ရှာဖွေခဲ့ရသည်။ ဤသည်မှစ၍

ယောကျ်ားများစိတ်တွင် ၎င်းတို့၏လုပ်ဆောင်လာရမှုများကြောင့် ပါဝါများမြင့်လာပြီး ပိုင်ဆိုင်လိုစိတ်များ၊ အတ္တစိတ်များ များပြားလာခဲ့သည်။ မိန်းမ၊သားမယားများကို ပိုင်ဆိုင်လိုစိတ်များ ဖြစ်ပေါ်လာပြီး ၎င်းတို့၏အတ္တစိတ်များကြောင့် စစ်ပွဲများလည်းဖြစ်ပေါ်လာခဲ့သည်။ ထို့အပြင် နောက်ပိုင်းတွင် ပေါ်လာသောအတွေးအခေါ်ရှင်များမှာလည်း ယောကျ်ားများသာ ဖြစ်လာခြင်းတို့ကြောင့် အမျိုးသမီးများဓမ္မတာ (ရာသီလာ)မှုများကို ယခင်က ပျော်ရွှင်စွာကြိုဆိုခဲ့သော်လည်း နောက်ပိုင်း ၎င်းကို ရွံရှာစရာ၊ ရှက်ကြောက်စရာတခုလို သတ်မှတ်လာခဲ့သည်။ ယောကျ်ားများ၏ ပိုင်ဆိုင်လိုမှု အတ္တများကြောင့် ယခင်ကအမျိုးသားနှင့်အမျိုးသမီး လက်တွဲဖော် **(partnership)** ပုံစံမှပိုင်ဆိုင်မှု **(Ownership)** ပုံစံဖြစ်လာသည်။ အမျိုးသားများ၏ ပိုင်ဆိုင်လိုမှုအရ အုပ်စုများဖြစ်လာပြီး စစ်ပွဲများ ဖြစ်လာသည်။

ယခင်က မိန်းမနတ်ဘုရားများကို ကိုးကွယ်ခဲ့သည့်အစဉ်အလာရှိခဲ့သည်။ အမျိုးသမီးများသည် စိတ်တန်ခိုးစွမ်းအား၊ အသိပညာစွမ်းအား အတတ်ပညာစွမ်းအားများရှိခဲ့သည်။ ထိုသို့သော စွမ်းအားများရှိသည့် မိန်းမများကို စုန်းမများ၊ မကောင်းဆိုးဝါးများဟု စွပ်စွဲကာ သုတ်သင်သတ်ဖြတ်ခဲ့ပြီး ယောကျ်ားများမှ ပါဝါလွှမ်းမိုးခဲ့မှုကြောင့် ယောကျ်ားဘုရားများ၊ ယောကျ်ား များသာမြင့်မြတ်သည်ဟူသော အယူအဆများ ဖြစ်လာသည်။

## **Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

- သင်တန်းသားများအား အုပ်စုလိုက်ခွဲစေ၍ မိမိပတ်ဝန်းကျင်တွင် ယခင်အချိန်နှင့် ယခုအချိန် မတူတော့ဘဲ ပြောင်းလဲလာသော အမျိုးသားနှင့် အမျိုးသမီးများအပေါ် သတ်မှတ်မှုတွေ ဘာတွေရှိသလဲဟူ၍ ဆွေးနွေးစေပြီး ပြန်လည်တင်ပြခိုင်းပါ။ ထိုအချက်များကို သင်ပုန်းပေါ်တွင် ကျားဖက်တခြမ်း၊ မဖက်တခြမ်း မှတ်တမ်းတင်ရေးသားပါ။

## **Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)

- ဤကဲ့သို့ ယခင်နှင့်ယခု ကွာခြားသော အမျိုးသားနှင့်အမျိုးသမီးအပေါ်သတ်မှတ်ချက်များကို သင်တန်းသားများ ဘယ်လိုသုံးသပ်မိသလဲ။
- ဘယ်အချက်တွေက ပြောင်းလဲဖို့လွယ်သလဲ၊ ဘယ်အချက်တွေက မလွယ်ဘူးလဲ။ ဘာကြောင့်လဲ။ စသည့် မေးခွန်းများကို ဆက်လက်မေးမြန်း၍ နိဂုံးချုပ်ပါ။

## သတိပြုရန်

- အမျိုးသား၊ အမျိုးသားပုံကိုကပ်၍ အမျိုးသား၊ အမျိုးသမီးတို့၏ စိတ်ထား၊ အမူအယာ၊ အလုပ်များကို စာရွက်ပေါ်တွင်ရေးခိုင်းပါက သင်ပုန်းတွင်ရေးခိုင်းခြင်းထက် စာရွက်ပေါ်ရေးခိုင်းကာ သင်ပုန်းတွင်ကပ်ခိုင်းခြင်းက ပိုကောင်းသည်။ ထိုကပ်ထားသောစာရွက်များကို ဟိုဖက်ဒီဖက် အလွယ်တကူရွှေ့ပြောင်း၍ ကပ်နိုင်သည်။
- ထိုနည်းအတိုင်းမဟုတ်ဘဲ အမျိုးသမီး၏ ရုပ်ပုံ၊ အမျိုးသား၏ ရုပ်ပုံများကို ပကတိအတိုင်းရေးဆွဲခိုင်းနိုင်သည်။ သို့သော် သင်တန်းသားများအကြား အမျိုးသားအမျိုးသမီးများရောနှောနေပါက ထိုနည်းမှာ အောင်မြင်နိုင်မည်မဟုတ်ပါ။
- လိင်ကွဲပြားမှုကိုအခြေခံပြီးခွဲခြားသည့် အမြင်များ၊ အယူအဆများကို တင်ပြရာတွင် သင်တန်းသားများ၏ လက်တွေ့ဘဝများထဲမှ သိသာထင်ရှားသော အကြောင်းအရာများကို သင်တန်းပို့ချသူက လေ့လာထား

ရန်လိုအပ်သည်။ သို့မှသာ သင်တန်းသားများအား ထိုအကြောင်းအရာများကို ထောက်ပြ၍ အခြား အကြောင်းအရာများကို ဆွေးနွေးလာစေရန် လမ်းကြောင်းပေးနိုင်မည်။

- လိင်ကွဲပြားမှုအပေါ်အခြေခံသည့်ခွဲခြားမှုများကို တင်ပြရာတွင် အခြားယဉ်ကျေးမှုများ၊ နိုင်ငံတကာ အကြောင်းအရာများကိုပြောပြသည့် ပို့ချသူထက် မိမိပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော အကြောင်းအရာ များမှ ထိုအချက်များနှင့်ကိုက်ညီသည့် အရာများကို ရွေးထုတ်ပြောပြတတ်ရန် အထူးအရေးကြီးသည်။ သီအိုရီသက်သက်ပေးသည့်သူ ပုံစံမျိုးမပေါက်သွားအောင် အထူးဂရုစိုက်ပါ။